

Burmese

# ပြည်သူ့အိုးအိမ်တွင် နေထိုင်ခွင့်ရရှိရန် စောင့်ဆိုင်းခြင်း

ပြည်သူ့အိုးအိမ်များမှာ အိမ်ယာအလွန်အမင်း လိုအပ်နေသူများ၊ အကြောင်းအမျိုးမျိုးကြောင့် နေထိုင်ရန် သင့်လျှော်သည့်နေရာတစ်ခုခုကို ရှာဖွေမရနိုင်သူများအတွက်ဖြစ်သည်။

ပြည်သူ့အိုးအိမ်တွင် သင်နေထိုင်ရန် အကြုံးဝင်ပါက၊ အိမ်ယာရရှိရန် စောင့်ဆိုင်းကာလမည်မျှကြာမြင့်မည် ဆိုသည်မှာ အောက်ပါအချက်များပေါ် မူတည်ပါသည်၊

- မည်မျှမြန်မြန်ဆန်ဆန် သင့်အတွက်သင့်လျှော်သည့် အိမ်ယာ အားလပ်မှု ရှိလာခြင်း
- သင့်လိုအပ်ချက်များနှင့် ပြည့်စုံခြင်း
- စောင့်ဆိုင်းသူများအကြား အရေးပေါ်ပို၍လိုအပ်နေသူ မည်မျှများပြားခြင်း

အိမ်ယာလျှောက်ထားပြီး စောင့်ဆိုင်းနေစဉ်၊ ပုဂ္ဂလိက အိမ်ယာငှားရမ်းသည့် ဈေးကွက်ကဲ့သို့ အခြားရွေးချယ်ရန် အိမ်ယာများ ကိုလည်း ရှာဖွေရန် အရေးကြီးပါသည်၊ ဤကိစ္စအတွက် ကျွန်ုပ်တို့က ကူညီကောင်း ကူညီနိုင်ပါလိမ့်မည်၊ အိမ်ယာရွေးချယ်စရာ များအကြောင်းဆွေးနွေးသည့် ဆွေးနွေးပွဲများသို့ တက်ရောက်ရန်လည်း ဆက်သွယ်စီစဉ်နိုင်ပါသည်။

## သင်စောင့်ဆိုင်းနေစဉ်

| သင့်ဖက်ကဆောင်ရွက်ရန် | ကျွန်ုပ်တို့ကဆောင်ရွက်ရန် | အိမ်ယာစီစဉ်ပေးသူများကဆောင်ရွက်ရန် |
|---|---|---|
| • သင့်အခြေအနေ ပြောင်းလဲသွား ပါက ကျွန်ုပ်တို့ကို ချက်ချင်း ဆက်သွယ်ပါ<br>• အခြားအိမ်ယာ ရွေးချယ်နိုင်မှု အခြေအနေများကို လေ့လာ ရှာဖွေပါ။ | • အိမ်ယာ စီစဉ်ပေးသူများအား အားလပ် အိမ်ယာ ပေါ်လာပါက သင်နှင့်ပါတ်သက်သည့်အချက် အလက်များကို ပေးပို့မည်<br>• သင့်အခြေအနေ အပြောင်းအလဲ နှင့်အညီ အိမ်ယာ လိုအပ်မှုအခြေ အနေကို ပြန်လည် ဆန်းစစ်မည်။<br>• အခြားသော အိမ်ယာရရှိနိုင်မှု ဆိုင်ရာ သတင်းအချက်အလက် များ ကိုအသိပေးမည်။ | • သင့်လျှော်သည့် အိမ်ယာ အားလပ်မှု ဖြစ်ပေါ်လာပါက သင့်ကို ဆက်သွယ်မည်<br>• အိမ်ကိုလာရောက် ကြည့်ရှုရန်ဖိတ်ခေါ်မည်<br>• သင်လက်ခံပါက၊ အိမ်ငှားစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုရန် စီစဉ်မည်။<br>• သင့်အိမ်ရှင်ဖြစ်လာမည်။ |

## ကျွန်ုပ်တို့နှင့် အဆက်အသွယ် မပြတ်ပါစေနှင့်

စောင့်ဆိုင်းကာလအတွင်း၊သင့်အခြေအနေပြောင်းလဲသွားပါက၊သို့မဟုတ်၊သင့်အိမ်ထောင်ဖက်/ အတူနေသူ(သင့်မှာရှိလျှင်)၏အခြေအနေပြောင်းလဲသွားပါက၊ကျွန်ုပ်တို့ကို၊အဆက်အသွယ်ချက်ချင်းပြုလုပ်ပါ၊အဆက်အသွယ်မပြုခဲ့ပါက၊သင့်လိုအပ်ချက်နှင့် အကိုက်ညီဆုံးအိမ်ယာကို၊ရကောင်းမှရနိုင်ပါလိမ့်မည်၊သို့မဟုတ်ပြည်သူ့အိုးအိမ်နှင့်အကြုံးဝင်မှုလုံးဝရပ်စဲသွားနိုင်သည်။

ကျွန်ုပ်တို့အား ဆက်သွယ်ပြောဆိုရန် လိုအပ်သည့် ပြောင်းလဲမှုများမှာ ဥပမာအားဖြင့်–

- သင့်လိပ်စာနှင့် ဖုန်းနံပါတ်
- ဝင်ငွေ သို့မဟုတ် စီးပွားရေးအခြေအနေ
- မိသားစု သို့မဟုတ် အိမ်ထောင်စုဝင်များနှင့် ပတ်သက်သည့်အစီအစဉ်များ

သင့်အခြေအနေကို ပြောဆိုရန် ကျွန်ုပ်တို့ကလည်း သင့်ကို ဆက်သွယ်ကောင်းဆက်သွယ်လိမ့်မည်၊ ထိုသို့ဆက်သွယ်ပါက၊ ဖုန်းလက်ခံပြောဆိုခြင်း၊ စာပြန်ခြင်းတို့ကို ပြုလုပ်ဖို့အရေးကြီးပါသည်၊ သို့မဟုတ်ပါက၊ သင်အိမ်ယာမလိုအပ်တော့ဟု ယူဆပြီး သင့်လျှောက်လွှာကို ပယ်ဖျက်ကောင်းပယ်ဖျက်လိမ့်မည်။

အခြေအနေအပြောင်းအလဲများကို အသိပေးရန် အလုပ်အကိုင်နှင့်ဝင်ငွေဌာန(Work and Income) သို့ 0800 559 009 ဖြင့်၄င်း သို့မဟုတ် အသက်အရွယ်ကြီးသူများအတွက် ဝန်ဆောင်ပေးမှုဌာန (Senior Services) သို့ 0800 552 002 ဖြင့်၄င်း ဖုန်းခေါ်ပါ။